12/5 Convent Road, Silom, Bangrak, Bangkok 10500
12/5 ถนนคอนแวนต์ แขวงสีลม เขตบางรัก กรุงเทพฯ 10500
Tel. 02-238-5027-8 Fax. 02-266-5376
โทร. 02-238-5027-8 แฟกซ์. 02-266-5376
E-mail: tbc@theborderconsortium.org
www.theborderconsortium.org

The Border Consortium

**သတင်းမီဒီယာများ ဆက်သွယ်ရန်၊** **၊ဘန်ကောက် - Duncan McArthur +66(0)89-850-8457 (အင်္ဂလိပ်ဘာသာဖြင့်မေးမြန်းရန်)**
**ရန်ကုန် - နီလာမြိုင် - +95(0)94-313-6159 (အင်္ဂလိပ်၊မြန်မာဘာသာဖြင့်မေးမြန်းရန်)**

ချက်ချင်းဖြန့်ဝေရန်

# နေရပ်စွန့်ခွာထွက်ပြေးနေသူများက မြန်မာ့နိုင်ငံရေးဆွေးနွေးပွဲဖြစ်ပေါ်လာရေးကို မျှော်လင့်လျှက်ရှိသည်

နိုဝင်ဘာလ ၆ ရက်နေ့၊ ၂၀၁၄

**ဘန်ကောက်/ရန်ကုန်** - မြန်မာအစိုးရအနေဖြင့် အာဆီယံထိပ်သီး အစည်းအဝေးပွဲအတွက် ပြင်ဆင်နေသည့်အချိန်တွင်၊ စစ်ဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအနေဖြင့်မူ ငြိမ်းချမ်းရေးဖြစ်စဉ် ပြန်လည်ကောင်းမွန်လာနိုင်ဦးမည်လား၊ မည်သို့မည်ပုံကောင်းမွန်လာနိုင်မည်လဲဟု တွေးတောနေကြပါသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းမှုများမှာလည်း ရပ်ဆိုင်းလုနီးပါးရှိနေပြီး ရွေးကောက်ပွဲမှာ လည်း ၂၀၁၅ခုနှစ် နှစ်ကုန်ပိုင်းကာလတွင် ကျင်းပရတော့မည်ဖြစ်သည်။ သို့သော် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများညွန့်ပေါင်းအဖွဲ့၏ အစီရင်ခံစာအရ အမျိုးသားရင်ကြားစေ့ရေးကို ဖြစ်စေနိုင်မည့် တိုင်းရင်းသားများနှင့်ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲသည် အလွန်အရေးကြီးသည်ဟုဆိုပါသည်။

အရပ်ဘက်အဖွဲ့အစည်း ၁၁ ဖွဲ့သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ရွာစု ပေါင်း ၂၂၂ စု မှ ရပ်ရွာအကြီးအကဲ၊ ခေါင်းဆောင်များ၏ လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စိုးရိမ်ပူပန်ချက်များနှင့်ပတ်သက်သည့် အမြင်များကို သုတေသနပြုလုပ်ခဲ့ပါသည်။ နယ်စပ်ညွန့်ပေါင်းအဖွဲ့၏ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးနှင့် အလှူရှင်များဖိုရမ်တို့တွင် တွေ့ရှိချက်များကိုလည်း ဝေမျှခဲ့ပါသည်။ တီဘီစီသည် စစ်မက်ပဋိပက္ခ ကြောင့် ထွက်ပြေးလာသည့် ဒုက္ခသည်များအတွက် စားနပ်ရိက္ခာ၊ခိုလှုံရာနေရာနှင့် စခန်းစီမံခန့်ခွဲမှုတို့အား ထောက်ပံ့ကူညီခဲ့သည်မှာ နှစ်ပေါင်း ၃၀ခန့် ရှိခဲ့ပြီဖြစ်ပါသည်။

ယခုအစီရင်ခံစာသည် ၂၀၁၁ခုနှစ်ကုန်ပိုင်းမှစတင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆွေးနွေးမှု နောက်ဆုံးအကြိမ်မှ စတင်ပြီး အနိုင်ကျင့်ခံရမှုများ ပြောင်းလဲလာပုံများကို မှတ်တမ်းတင်ခဲ့ပါသည်။ တိုက်ပွဲများနည်းသွားသော်လည်း သဘာဝသယံဇာတများ ထုတ်ယူခြင်းနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှုများ ပိုမိုများပြားလာပြီး စစ်တပ်အင်အားမှာလည်း လျော့နည်းမသွားပေ။

"ထိုင်းနိုင်ငံက ဒုက္ခသည်အနည်းစုပြန်ကြတာ၊ အခြေအနေပြန်ကြည့်ကြတာမျိုးဘဲတွေ့ရပါတယ်။ ဒီစစ်တမ်းအရတော့ နေရပ်စွန့်ခွာ ထွက်ပြေးနေရတဲ့သူ(IDP)အရေးအတွက်လည်း သိသိသာသာနည်းမသွားဖူးလို့ဆိုရပါမယ်။ နေရပ်စွန့်ခွာထွက်ပြေးရသူတွေ ပြန်လာဖို့၊ နေရာချထားဖို့အတွက် ပြင်ဆင်ကြတဲ့လုပ်ငန်းတွေကို စစ်တပ်အင်အား ဆက်လက်တိုးချဲ့နေတာနဲ့ မလုံခြုံမှုတွေက အဟန့်အတားဖြစ်စေပါတယ်။" ဟု တီဘီစီ၏ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဆယ်လီသွန်(မ်)ဆင်မှ မှတ်ချက်ပေးခဲ့ပါသည်။

ရာဇဝတ်မှုကြီးများနှင့် အပြင်းအထန် ခိုက်ရန်ဖြစ်ပွားငြင်းခုန်မှုများကို အဓိကဖြေရှင်းပေးသည့်သူများအဖြစ် ကျေးရွာအကြီးအကဲ၊ ခေါင်းဆောင်များကို သတ်မှတ်ထားကြပါသည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်အပေါ် ယုံကြည်မှုပျက်ပြားစေသည့် အကြောင်းများမှာ အကျင့်ပျက်ခြစားမှု၊တရားစီရင်မှုလုပ်ထုံးလုပ်နည်းများကို မသိရှိခြင်းနှင့် ဥပဒေကိုလိုသလို အသုံးချခြင်းတို့ဖြစ်ပါသည်။

အနိုင်ကျင့်ခံရမှုများနှင့် အကြမ်းဖက်မှုများ ရပ်တန့်သွားစေရန်အတွက် မြန်မာစစ်တပ်များဆုတ်ခွာရန် နှင့် အပစ်အခတ်ရပ်စဲခြင်း အခြေအနေကို စောင့်ကြည့်သည့်စနစ်များဖန်တီးပေးရန်တို့သည် အဓိကဦးစားပေးလုပ်ငန်းများအဖြစ် ဒေသခံများမှထင်မြင်ပါသည်။ ရပ်ရွာခေါင်းဆောင်များက မိမိတို့၏အခွင့်အရေးများကို တောင်းဆိုတတ်စေရန်နှင့် မျှတသည့် တရားစီရင်မှုရရှိနိုင်စေရန် ရွာသူရွာသားများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရာတွင် လူ့အခွင့်အရေးနှင့် ဥပဒေပိုင်းဆိုင်ရာ ပညာပေးမှုများသည် အရေးကြီးကြောင်း အလေးအနက်ပြောကြားပါသည်။

"အားလုံးပါဝင်တဲ့ အမျိုးသားတွေ့ဆုံဆွေးနွေးမှုမျိုးမှာ လုံခြုံရေးကဏ္ဍအပြောင်းအလဲ၊ မြေယာအခွင့်အရေးများတို့လို အခြေခံကိစ္စရပ်တွေကို ကိုင်တွယ် ဖြေရှင်းဖို့လိုအပ်ပါတယ်။ထို့အပြင် တိုင်းရင်းသားလုံခြုံရေးနဲ့ တရားစီရင်ရေးစွမ်းရည်တွေကို မြှင့်တင်ပေးခြင်းက ရပ်ရွာအဖွဲ့အစည်းရဲ့ ကာကွယ်စောင့်ရှောက်မှု နည်းဗျူဟာတွေကို အားဖြည့်ပေးပြီး ရာဇဝတ်မှုများတွေ၊ အနိုင်ကျင့်မှုတွေ ပြန်မဖြစ်ဖို့ကိုလည်းဟန့်တားပေးနိုင်ပါလိမ့်မယ်။" ဟု မစ္စသွန်မ်ဆင် က ပြောကြားခဲ့ပါသည်။

အင်္ဂလိပ်နှင့် မြန်မာဘာသာ နှစ်ဘာသာဖြင့် "မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကာကွယ်မှုပေးရေးနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ" အစီရင်ခံစာနှင့် ရပ်ရွာအကြီးအကဲများနှင့် တွေ့ဆုံမေးမြန်းချက်များကို မှတ်တမ်းတင်ထားသည့်ဗီဒီယိုဖိုင်ကို theborderconsortium.org တွင်ရရှိနိုင်ပါသည်။

**တွေ့ဆုံမေးမြန်းရန်အတွက် နှင့်သတင်းအချက်အလက်များ ပိုမိုသိရှိရန် ဆက်သွယ်လိုပါက -**

| | |
|---|---|
| **ဘန်ကောက် (အင်္ဂလိပ်ဘာသာဖြင့်):** | **Duncan McArthur, email: duncan@theborderconsortium.org, phone +66 (0)89-850-8457** |
| **ရန်ကုန် (A င်္ဂလိပ်ဘာသာ၊ မြန်မာဘာသာဖြင့်):** | **နီလာမြိုင်, email: nilar@theborderconsortium.org, phone +95(0)9250156110** |

The Border Consortium is a Company Limited by Guarantee in England and Wales. Company number 05255598
Registered Office 35 Lower Marsh, London SE1 7RL. Charity Commission registered number 1109476

MEMBERS: Caritas, Switzerland • Christian Aid, UK/Ireland • Church World Service, USA • DanChurchAid, Denmark • Diakonia, Sweden • ICCO, Netherlands
International Rescue Committee, USA • Act for Peace NCCA, Australia • Norwegian Church Aid, Norway • ZOA, Netherlands